ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်ကြလော့။ ဧကန်မလွဲ
ယင်းကုရ်အာန်သည် ကိယာမတ်နေ့တွင် ၎င်းကို
ဖတ်ရွတ်သူများအတွက် ကြားဝင်အသနားခံသူအဖြစ်
ရောက်ရှိလာမည်
အဗူအိုမာမဟ်အလ်ဗာဟိလီ(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကျွန်ုပ်ကြားသိခဲ့သည်။ ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်ကြလော့။ ဧကန်မလွဲ
ယင်းကုရ်အာန်သည် ကိယာမတ်နေ့တွင် ၎င်းကို ဖတ်ရွတ်သူများအတွက်
ကြားဝင်အသနားခံသူအဖြစ် ရောက်ရှိလာမည်။ အတ်ဇ်ဇဟ်ရာဝိုင်းန်
(အလင်းရောင်နှစ်ခု)ဟုခေါ်သည့် စူရဟ်ဗကရဟ်နှင့် စူရဟ်အာလိအင်မ်ရားန် ကို
ဖတ်ရွတ်ကြလော့။ ဧကန်စင်စစ် ထိုစူရဟ်နှစ်ခုသည် ကိယာမတ်နေ့တွင်
မိုးတိမ်နှစ်ခုကဲ့သို့လည်းကောင်း၊ သို့မဟုတ်
အရိပ်အာဝါသနှစ်ခုကဲ့သို့လည်းကောင်း၊ သို့မဟုတ် အုပ်စုဖွဲ့ပျံသန်းနေသော
ငှက်အုပ်စုနှစ်စုကဲ့သို့လည်းကောင်း ရောက်ရှိလာပြီး ၎င်းစူရဟ်နှစ်ခုကို
ဖတ်ရွတ်သူများအား ကာကွယ်စောင့်ရှောက်ကြမည်။ ထို့ပြင် စူရဟ်ဗကရဟ်ကို
ဖတ်ရွတ်ကြလော့။ အဘယ်ကြောင့်ဆိုသော် ၎င်းကို ဖတ်ရွတ်ခြင်းသည်
ဗရ်ကသ်ကောင်းခြင်းမင်္ဂလာတစ်ပါးဖြစ်၍ ၎င်းကို စွန့်လွှတ်ထားခြင်းသည်
နောင်တရဖွယ်ဖြစ်ပြီး မှော်ပယောဂဆရာတို့သည် ၎င်းကို (ဖတ်ရွတ်သူအား) မည်သည့်အခါမျှ
(အန္တရာယ်ပြုရန်)မစွမ်းဆောင်နိုင်ကြပေ။"
[صحيح] [رواه مسلم]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ကုရ်အာန်ကျမ်းမြတ်ကို
အမြဲတစေပုံမှန်ဖတ်ရွတ်ရန် တိုက်တွန်းတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်
ကိယာမသ်နေ့တွင် ထိုကုရ်အာန်ကျမ်းမြတ်သည် ၎င်းအား ရွတ်ဖတ်သူနှင့်
လိုက်နာကျင့်သုံးသူများအတွက် ကြားဝင်အသနားခံပေးမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။
ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် စူရဟ်ဗကရဟ်နှင့်
စူရဟ်အာလိအင်မ်ရာန် စူရဟ်နှစ်ခုကို ဖတ်ရွတ်ရန် အထူးအလေးထား တိုက်တွန်းတော်မူခဲ့ပြီး
ထိုစူရဟ်နှစ်ခုအား အလင်းနှစ်ခုဟု အမည်ပေးတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်
၎င်းစူရဟ်နှစ်ခုတွင် ပါဝင်သည့် အလင်းရောင်နှင့် လမ်းညွှန်မှုကြောင့်ဖြစ်ကာ
ထိုစူရဟ်နှစ်ခုကို ဖတ်ရွတ်ခြင်း၊ ၎င်းတို့၏ အဓိပ္ပာယ်များကို
ဆင်ခြင်သုံးသပ်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်း၏အကျိုးကျေးဇူးသည် ကိယာမတ်နေ့တွင်
တိမ်တိုက်နှစ်ခုကဲ့သို့ သို့မဟုတ် အတောင်ပံများဖြန့်ကာ တစ်အုပ်နှင့်တစ်အုပ်
ဆက်စပ်နေသော ငှက်အုပ်နှစ်အုပ်ကဲ့သို့ လာရောက်ပြီး
ထိုစူရဟ်နှစ်ခုကိုဖတ်ရွတ်ခဲ့သူအား အရိပ်အာဝါသပေးကာ
ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်သည်။ ထို့နောက် တမန်တော်မြတ်သည် စူရဟ်ဗကရဟ်ကို
အဆက်မပြတ်ဖတ်ရွတ်ရန်၊ ၎င်း၏အဓိပ္ပာယ်များကို ဆင်ခြင်သုံးသပ်ရန်နှင့်

https://www.sunnah.global/hadeeth/my/show/10851